**MTSH** MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G 1, No 3B, Tower (A), Penthouse 01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel. (+951) 2301731, Email. info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်။

**MTSH ၏ ၃.၃၇ မဂ္ဂါဝပ် (MW) ဆိုလာစွမ်းအင်ရှေ့ပြေးစီမံကိန်း (Solar Energy Pilot Project) အောင်မြင်စွာပြီးစီးကြောင်းအသိပေးတင်ပြခြင်း။**

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH)** ၏ အဖွဲ့ဝင်ကုမ္ပဏီဖြစ်သော သီလဝါပရောပါတီးဒတ်ပလော့မင့်လီမိတက် **(TPD)** မှ သီလဝါ အထူး စီးပွားရေးဇုန် (ဇုန် အေ) ရှိ (**Residential & Commercial Area**) (R&C) အတွင်း နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း ရှေ့ပြေးစီမံကိန်း (၃.၃၇ မဂ္ဂါဝပ်) ကို ၂၀၂၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် အောင်မြင်စွာပြီးစီးခဲ့ပြီး၊ တရားဝင် ဖွင့်လှစ်ခြင်းကို **၂၀၂၆ ခုနှစ်** ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း အသိပေး တင်ပြအပ်ပါသည်။

Solar Energy Pilot Project (၃.၃၇ မဂ္ဂါဝပ်) မှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄.၇၃ သန်း ကီလိုဝပ်နာရီခန့် ထုတ်ပေးနိုင်မည်ဖြစ်ပြီး ထွက်ရှိလာသည့် လျှပ်စစ် ဓာတ်အား များအနက် ၂.၆၈၅ မဂ္ဂါဝပ် (၇၉.၆၇%) ကို သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်မှုလုပ်ငန်းကဏ္ဍ များတွင်အသုံးပြုရန် လည်းကောင်း၊ ၀.၆၈၈ မဂ္ဂါဝပ် (၂၀.၄၂%) ကို ဘက်ထရီစွမ်းအင် သိုလှောင်စနစ် **(BESS)** မှတစ်ဆင့် TPD ၏ R&C အတွင်းရှိ ဟိုတယ် အပါအဝင်၊ ငှားရမ်းနေထိုင်သူများနှင့် လုပ်ငန်းလုပ်ကိုင်သူများထံသို့ On grid နှင့် Hybrid Operating Model မှတစ်ဆင့် ရေရှည်ဓာတ်အားဝယ်ယူရေး သဘောတူညီချက် အောက်တွင် နေရောင်ခြည်သုံး လျှပ်စစ် ဓာတ်အား အဖြစ် ဖြန့်ဖြူး ပေးလျက်ရှိပါသည်။

Solar Energy Pilot Project (၃.၃၇ မဂ္ဂါဝပ်) သည် Thilawa Garden City ၏ R&C Area အတွင်းရှိ ဆိုလာ စွမ်းအင်ထုတ်လုပ်မှု၊ ဘက်ထရီစွမ်းအင် သိုလှောင်မှုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုပုံစံ ထည့်သွင်း ထားသော တည်ဆောက်ဖြန့်ဖြူးသည့်လုပ်ငန်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် သီလဝါအထူးစီးပွားရေးဇုန် နှင့် အနီးရှိဝန်းကျင်စက်ရုံများအတွက် Solar Energy ဖြန့်ဖြူးခြင်း ရှေ့ပြေးစီမံကိန်းတစ်ခုဖြစ်ပါသည်။

ထွန်းလွင်

Board Secretary

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com





